# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# သမတ အိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။
# [၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။]
# ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ **အမည်တိုနှင့် စတင်အာဏာတည်သည့်နေ့ရက်**။ ။ (၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော် အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ **မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေပြင်ဆင်ချက်**။ ။ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေ သည် ပုဒ်မ ၁၅-က၊ ၁၆ (၁) နှင့် ၁၇ (၃) တို့ကိုအောက်ပါအတိုင်းပြင်ထားဘိသကဲ့သို့ အကျိုးသက်ရောက်ရမည် -

(၁) ပုဒ်မ ၁၅-ကကို၊ ပုဒ်မ ၁၅-က၊ ပုဒ်မခွဲ (၁) ဟု ပြန်လည်အမှတ်စဉ်ရမည်။

(၂) ပြန်လည်အမှတ်စဉ်ထားသည့်ပုဒ်မ ၁၅-က၊ ပုဒ်မခွဲ (၁) နောက်တွင် အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မခွဲ (၂) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၂) **မယားနှင့်ကလေးစရိတ်အတွက် ကင်းလွတ်ခွင့်ပေးခြင်း**။ ။ ပစ္စည်းမခွဲဝေရသေးသည့်၊ ဟိန္ဒူလူမျိုး အိမ်ထောင်သားစု၊ ကုမ္ပဏီ၊ ကုန်သည်အစုစပ်လုပ်ငန်းနှင့်အခြားအသင်းအဖွဲ့မဟုတ်သော အခွန်တော် စည်းကြပ်ခံရသူသည်-

(က) အခွန်တော်စည်းကြပ်သောနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူဖြစ်လျှင်၊ သို့တည်း မဟုတ်

(ခ) 'လစာငွေများ' ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့်ထိုသူ၏ ခန့်မှန်းခြေဝင်ငွေမှ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) အရ အမြတ်တော်ခွန် နုတ်ရမည့်နှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သော လစာငွေရရှိသူတဦးဖြစ်လျှင် -

(i) ယောက်ျားဖြစ်မူ အထက်နှစ်အတွင်းမိမိနှင့် အတူနေထိုင်သည့်၊ သို့တည်းမဟုတ် မိမိကစရိတ် ထောက်ပံ့ရသည့် မယားရှိကြောင်းအမြတ်တော်ခွန် ဝန်ထောက်ကျေနပ်လောက်အောင်ထင်ရှားပြလျှင်၊ ထိုသူပေးရမည့် အမြတ်တော်ခွန် (နောက်ထပ်အခွန်မပါ) ကိုသတ်မှတ်ရန် အလို့ငှါ ပုဒ်မ ၁၆ တွင် အဓိပ္ပါယ်ဖော် ပြထားသည့်ထိုသူ၏ စုစုပေါင်းဝင်ငွေမှ ကျပ်ငွေတထောင်ကို နုတ်ခွင့်ပြုရမည်။ ထို့ပြင်

(ii) အထက်နှစ်အတွင်း မည်သည့်အခါ၌မဆို အသက် ၁၈ နှစ် မပြည့်သေးသော၊ သို့တည်းမဟုတ် တက္ကသိုလ်ကောလိပ်၊ ပညာသင်ကျောင်း၊ ပညာသင်ကြားရာအခြားဌာန တခုခုတွင် အချိန်ပြည့် ပညာသင်ကြားလျက်ရှိသော၊ သို့တည်းမဟုတ်ကူးသန်းရောင်းဝယ်မှုအတွက်ဖြစ်စေ အသက်မွေးဝမ်း ကျောင်းအလုပ်တခုခုအတွက်ဖြစ်စေ အရည်အချင်းပြည့်စုံရန်အလုပ်သင်ကြားရေးဆိုင်ရာ စာချုပ်အရ

အလုပ်သင်လျက်ရှိသော၊ အိမ်ထောင်သည်မဟုတ်သည့် သားသမီးတယောက်ကို ထောက်ပံ့ကြောင်း၊ အမြတ်တော်ခွန်ဝန်ထောက်ကျေနပ်လောက်အောင် ထင်ရှားပြလျှင် ထိုသူပေးရမည့် အမြတ်တော်ခွန် (နောက်ထပ်အခွန်မပါ) ကို သတ်မှတ်ရန်အလို့ငှါ ပုဒ်မ ၁၆ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် ထိုသူ၏ စုစုပေါင်းဝင်ငွေမှ ထိုသားသမီးနှင့်ပတ်သက်၍၊ ကျပ်ငွေငါးရာနုတ်ခွင့်ပြုရမည်။ ထိုသူထောက်ပံ့ရသော သားသမီးတယောက်ထက်ပိုလျှင် ဒုတိယ သားသမီးအတွက်ကျပ်ငွေလေးရာ၊ တတိယသားသမီးအတွက် ကျပ်ငွေသုံးရာနှင့် ကျန်သားသမီးများအတွက် တယောက်လျှင် ကျပ်ငွေနှစ်ရာစီ နုတ်ခွင့်ပြုရမည်။

သို့ရာတွင် ဆိုင်ရာအထက်နှစ်အတွင်း မယားသည် မိမိကိုယ်တိုင်ရထိုက်ခွင့် အဖြစ်ဖြင့်သော်၎င်း၊ မိမိကိုယ်တိုင် အားထုတ်ဆောင်ရွက်ခြင်းကြောင့်သော်၎င်း၊ ကျပ်ငွေလေးထောင်နှစ်ရာ ထက်ပိုသော စုစုပေါင်းဝင်ငွေကိုရရှိလျှင်၊ အထက်အပိုဒ်ခွဲ (i) ပါ ပြဋ္ဌာန်းချက်များကို အကျိုးမသက်ရောက်စေရ။

ထို့ပြင်အထက်အပိုဒ် (ii) အရ၊ ကင်းလွတ်ခွင့်ပေးသော ငွေအားလုံးပေါင်းသည်၊ မည်သည့်အခါမျှ ကျပ်ငွေတထောင်ငါးရာထက်မပိုစေရ။

**ရှင်းလင်းချက်**။ ။ အထက်အပိုဒ်ခွဲ (ii) ပါ 'သားသမီး' ဆိုသည့် စကားရပ်တွင် လင်ပါ၊ သို့တည်းမဟုတ် မယားပါသားသမီး၊ တရားဥပဒေနှင့်အညီမွေးစားသည့်သားသမီးများပါဝင်သည်။

ထို့ပြင် ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော နှစ်မတိုင်မီနှစ်များအတွက်မျှ အခွန်တော် စည်းကြပ်ရာ၌ ဤပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို အကျိုးမသက်ရောက်စေရ။

(၃) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) တွင် "ပုဒ်မ ၁၅-က" ဆိုသည့်စကားရပ်အစား "ပုဒ်မ ၁၅-က၊ ပုဒ်မခွဲ (၁) နှင့် (၂)" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(၄) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၃) တွင် "အလုပ်လုပ်၍ရသောဝင်ငွေအတွက် ခွင့်ပြုငွေ (by an allowance for earned income)" ဆိုသည့်စကားရပ်အစား "အလုပ်လုပ်၍ ရသော ဝင်ငွေအတွက်ခွင့်ပြုငွေ၊ မယားနှင့် သားသမီးများအတွက် ခွင့်ပြုငွေများ( by an allowance for earned income and for wife and children)" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။ **အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော်စည်းကြပ်သည့်နှုန်းများ**။ ။ (၁) ပုဒ်မခွဲ (၄)၊ (၅)၊ (၆) နှင့် (၇) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစ ပြုမည့်နှစ်အတွက် အောက်ပါအတိုင်းအခွန်တော်စည်းကြပ်ရမည် -

(က) ဤအက်ဥပဒေ၏ပဌမ ဇယားအပိုင်း ၁ တွင် သီးခြားဖေါ်ပြထားသည့်နှုန်းများအတိုင်း အမြတ်တော်ခွန်နှင့်

(ခ) မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှါ ဤအက်ဥပဒေ၏ ပဌမ ဇယားအပိုင်း ၂ တွင် သီးခြားဖေါ်ပြထားသည့်နှုန်းများအတိုင်း နောက်ထပ်အခွန်တော်။

(၂) ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေမှ၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၅-က (၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ -

(က) "လစာငွေများ" ခေါင်းစဉ်အောက်တွင် စည်းကြပ်ထိုက်သည့် မိမိ၏ စုစုပေါင်းဝင်ငွေတွင် ပါဝင်သော အလုပ်လုပ်၍ရသည့်ဝင်ငွေ၏ ဆယ်ပုံတပုံနှင့်ညီမျှသော (ကျပ်ငွေနှစ်ထောင်ထက်မပိုသည့် ငွေကို နုတ်ရမည်၊ ထိုပြင်

(ခ) လစာငွေများခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့် ဝင်ငွေမှ အပ၊ မိမိ၏ စုစုပေါင်း ဝင်ငွေတွင် ပါဝင်သော အလုပ်လုပ်၍ရသည့်အခြားဝင်ငွေ၏ ငါးပုံတပုံနှင့် ညီမျှသော ငွေကို လည်းနုတ်ရ မည်။

သို့ရာတွင် ဤပုဒ်မခွဲအရ၊ နုတ်ရမည့်ငွေအားလုံးပေါင်းသည် မည်သည့်အခါတွင်မျှကျပ်ငွေလေးထောင် ထက် မပိုစေရ၊ ထို့ပြင် စည်းကြပ်ခံရသူသည် ကုန်သည်အစုစပ်လုပ်ငန်းတွင် ပါဝင်သူဖြစ်လျှင် ထိုကုန်သည်အစုစပ်လုပ်ငန်းအပေါ်တွင် အခွန်တော်စည်းကြပ်ရာ၌ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်ခွင့်ပြုသမျှငွေကို အဆိုပါ နုတ်ရမည့်ငွေထဲမှ လျှော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း ကုန်သည်အစုစပ်လုပ်ငန်း၏ အမြတ်ငွေများတွင် ထိုသူ၏ အမြတ်ဝေစုနှင့်သက်ဆိုင်သမျှသောငွေသာဖြစ်ရမည်။

(၃) ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့် နှစ်အတွက်မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) အရ၊ "လစာငွေများ" ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့် အလုပ်လုပ်၍ရသော ဝင်ငွေမှ အမြတ်တော်ခွန်နုတ်ရန်အလို့ငှါ၊ နုတ်ရမည့် အမြတ်တော်ခွန်ကို တွက်သောအခါ ဤခေါင်းစဉ်အောက်ရှိစည်းကြပ်ခံရသူ၏ စုစုပေါင်းခန့်မှန်းခြေဝင်ငွေမှ ထိုအလုပ်လုပ် ၍ရသောဝင်ငွေ၏ ငါးပုံတပုံနှင့် ညီမျှသော ငွေကို လျှော့ရမည်။ သို့ရာတွင် ထိုသို့လျှော့ရသောငွေမှာ မည်သည့်အခါတွင်မျှ ကျပ်ငွေလေးထောင်ထက်မပိုစေရ။

(၄) ၁၉၅၄ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် အခွန်တော်စည်းကြပ်ရာ၌၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင် "လစာငွေများ" ဟူသော ခေါင်းစဉ်အောက်တွင် စည်းကြပ် နိုင်သည့်ဝင်ငွေပါဝင်သည့်အခါ မယားနှင့်သားသမီးများအတွက် ခွင့်ပြုသည့်ငွေသည်၊ မည်ရွေ့မည်မျှ ဖြစ်ရမည်ဆိုသော်၊ ထိုသို့ခွင့်ပြုသည့်ငွေနှင့် မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၅-က (၂) အရ၊ ခွင့်ပြုနိုင်သည့်ငွေ အားလုံးပေါင်းတို့၏ အချိုးအစားသည် ထိုခေါင်းစဉ် အောက်တွင် စည်းကြပ်နိုင် သည့်ဝင်ငွေမှအပ အခြားဝင်ငွေနှင့် ထိုသူ၏ စုစုပေါင်းဝင်ငွေတို့၏ အချိုး အစားနှင့်တူညီသည့်ငွေ ဖြစ်ရမည်။

(၅) ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့်နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော် ခွန်အက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) အရ "လစာငွေများ" ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့် ဝင်ငွေမှ အမြတ်တော်ခွန်နုတ်ရန်အလို့ငှါနုတ်ရမည့် အမြတ်တော်ခွန် (နောက်ထပ်အခွန်မပါ) ကို တွက်သောအခါ၊ ဤခေါင်းစဉ်အောက်ရှိ စည်းကြပ်ခံရသူ၏ ခန့်မှန်းခြေစုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၁၅-က (၂) အရ၊ မယားနှင့်သားသမီးများအတွက် ခွင့်ပြုသည့်ငွေကို လျှော့ရမည်။

(၆) ၁၉၅၄ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ရာ၌၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင် "လစာငွေများ"ဟူသော ခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေသော်၎င်း (ထိုဝင်ငွေမှာ၊ သက်ဆိုင်ရာ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက် နုတ်ထားသည့်အတိုင်း ဖြစ်သည်)။ "အာမခံစာချုပ်များအပေါ်တွင်

အတိုး" ဟူသော ခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေ သော်၎င်း၊ ထည့်သွင်းထားသည့် အချက်တွင်၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေအနက်၊ အဆိုပါ ထည့်သွင်းငွေများပါဝင်သော အစိတ်အပိုင်းပေါ်တွင်၊ ထိုသူပေးရမည့်အမြတ်တော်ခွန် မည်ရွေ့မည်မျှ ဖြစ်ရမည်ဆိုသော်၊ ထိုသို့ပေးရမည့် အမြတ်တော်ခွန်နှင့် ထိုသူ၏ စုစုပေါင်း ဝင်ငွေပေါ်တွင် ၁၉၅၂ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေဖြင့် စည်းကြပ်သည့်နှုန်းများအတိုင်းပေးရမည့် အမြတ်တော်ခွန်စုစုပေါင်းတို့၏ အချိုးအစားသည်၊ အဆိုပါ ထည့်သွင်းငွေများနှင့် ထိုသူ၏စုစုပေါင်း ဝင်ငွေတို့၏ အချိုးအစားနှင့် တူညီသည့်ငွေဖြစ်ရမည်။

(၇) ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွင်း၊ ဆုံးဖြတ်ကျေညာသည့် အမြတ်ငွေများနှင့် စပ်လျဉ်း၍သော်၎င်း၊ ဆိုခဲ့သည့်နှစ်အတွင်း ရထိုက်သော လစာငွေများ (ထုတ်ပေးပြီး သည်ဖြစ်စေ၊ ထုတ်မပေးရသေးသည်ဖြစ်စေ) အတွက်သော်၎င်း၊ ဆိုခဲ့သည့် နှစ်အတွင်း အာမခံစာချုပ် များပေါ်တွင်အတိုးပေးငွေများအတွက်သော်၎င်း၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရ၊ ပြန်ပေးငွေများ ဆိုင်ရာကိစ္စများအလို့ငှါ ပြန်ပေးငွေတောင်းဆိုသူ၏ စုစုပေါင်းဝင်ငွေနှင့် သက်ဆိုင် သည့် နှုန်းများ၏ ပျမ်းမျှရနှုန်းများ ၁၉၅၂ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေအရ စည်းကြပ်သည့်နှုန်းများ ၏ ပျမ်းမျှရနှုန်း ဖြစ်ရမည်။

(၈) ဤပုဒ်မပါ ကိစ္စများအတွက်၎င်း၊ ဤပုဒ်မအရ စည်းကြပ်သည့်အခွန်တော်နှုန်းများအတွက်၎င်း၊ "စုစုပေါင်းဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်း စုစုပေါင်းဝင်ငွေကိုဆိုလိုသည်။ ထို့ပြင် "အလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ ထိုအက်ဥပဒေပုဒ်မ ၂၊ အပိုဒ် (၆-က)တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖေါ် ပြထားသည့် အတိုင်းပင်ဖြစ်သည်။

၄။ ။ **အမြတ်တော်ခွန်စည်းကြပ်ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ၊ မည်သည့်ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ရမည့်အကြောင်း။** ။ ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် ပြုလုပ်ရမည့် စည်းကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေမှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၃၄၊ ၃၅ နှင့် ၅၀ တွင် "တနှစ်" ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း၌၊ ထိုစကားရပ်အစား "လေးနှစ်"ဆိုသည့်စကားရပ်ကို ထည့်သွင်းထားဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။

၅။ ။ **ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်။** ။ ၁၉၅၄ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံး သည့်နှစ်အတွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင်သော မည်သည့် အထက်နှစ်အတွက် မဆို ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေ ပုဒ်မ ၄ အရ၊ စည်းကြပ်သော အခွန်တော်သည်၊ စည်းကြပ်ထိုက်သည့် အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့် သုံးပိုင်းနှစ်ပိုင်းရာခိုင်နှုန်းနှင့်ညီမျှရမည်။

၆။ ။ **ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် စည်းကြပ်ရန်ဖြစ်စေ၊ မှားယွင်းချက်များ ပြင်ရန်ဖြစ်စေ၊ မည်သည့်ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ရမည့်အကြောင်း။** ။ ၁၉၅၄ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ ရောင်းဝယ်လုပ်ကိုင်မှု

အမြတ်အစွန်းခွန်အက်ဥပဒေမှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၁၁ နှင့် ၁၅ တွင် 'နှစ်နှစ်" ဆိုသည့်စကားရပ်ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား "လေးနှစ်"ဆိုသည့် စကား ရပ်ကိုထည့်သွင်းဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။

၇။ ။ **စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း**။ ။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စသော နှစ် အတွက်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင်၊ ထိုအက်ဥပဒေ၏ ပဉ္စမဇယားအဖြစ် ထည့်သွင်းရမည်။

၈။ ။ **တံဆိပ်တော်ခေါင်းခွန်**။ ။ မြန်မာနိုင်ငံတံဆိပ်တော်ခေါင်းအက်ဥပဒေတွင်၊ မည့်သို့ပင်ပါရှိစေကာမူ၊ အဆိုပါ အက်ဥပဒေ ပဉ္စမဇယားပါအချက် ၁၊ ၂၈၊ ၃၇၊ ၄၁ (က)၊ ၄၇-ဈ (က), ၄၇-ဈဈ၊ ၄၉ (က) (i)၊ ၅၃ နှင့် ၆၀ အရ တံဆိပ်တော်ခေါင်းခွန်နှုန်းသည် ၁၅ ပြားဖြစ်ရမည်။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပဉ္စမဇယား။ ၁၉၅၃-၅၄ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော်နှုန်းများဇယား။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဒုတိယဇယား။ မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။